ချောကလက်ငရဲ (၂)

# ပျှား

ချောကလက်တစ္ဆေ



## ချောကလက်ငရဲ ဇာတ်လမ်းအကျဉ်း

တံတိုင်းရံ၏ ဇနီး ကလေးတစ်ယောက်အမေ မေ့သက်လျာကြောင့် ရင်လှိုင်းသစ်ဆိုသည့် လူငယ် မတော်တဆခြေထောက် ထိခိုက်သွား၏။ ထို့ကြောင့် ကန်ထရိုက်တိုက် (၆) လွှာတွင် နေသော ရင်လှိုင်းသစ်ကို မေ့သက်လျာ ဆေးထည့်ပေး၊ ထမင်းဟင်းပို့ပေးနှင့် မျှော်လင့်မထားဘဲ ရင်လှိုင်းသစ်က မေ့သက်လျာကို အဓမ္မကျင့်လိုက်၏။

ထိုကတည်းက ရင်လှိုင်းသစ်သည် မေ့သက်လျာနှင့်အတူနေပုံကို ခိုးရိုက်ထားသော စီဒီတစ်ချပ်နှင့် အမြဲတမ်း ခြိမ်းခြောက်ကာ အနိုင်ယူတော့၏။

တစ်နေ့ တံတိုင်းရံ သိသွားသည် ။ တံတိုင်းရံသည် ထိုစီဒီတစ်ချပ်အတွက် ငွေသိန်းနှစ်ရာနှင့် ဝယ်ယူလဲလှယ်ကာ ဇနီးဖြစ်သူ၏ အရှက်ကို ကာကွယ်လိုက်သည် ။

* * *

# အမှာ

ပရိသတ်တွေ မျှော်လင့်တောင့်တနေတဲ့ ချောကလက်ငရဲရဲ့ အဆက် ချောကလက်တစ္ဆေဝတ္ထုကို ရေးသားလိုက်ပါတယ်။

တကယ်တော့ ပရိသတ်တွေ တောင်းဆိုလွန်းလို့ သာ ဗျူး ဆက်ရေးခဲ့တာပါ။ အင်မတန် ရေးရခက်ပါတယ်။ ပေါက်ပြီးသားဇာတ်ကို ဆက်ရတာဖြစ်လို့ ခေါင်းလည်း တော်တော်စားသလို အချိန်လည်း တော်တော်ပေးခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် တတ်နိုင်သလောက် ကြိုးစားအားဖြည့်ထားတဲ့ ဝတ္ထုမို့ ရင်ခုန်စရာအပြည့်နဲ့ ခံစားရလိမ့်မယ်လို့ ယုံကြည်ရင်း။

**ပရိသတ်အတွက်**

**အမြဲတမ်း**

**ဗျူး**

* * *

# အခန်း(၁)

“ဒီလောက်လှတဲ့ မိန်းကလေးကို ရေးဟန်အမျိုးမျိုးနဲ့ ပုံဖော်ထားတာ တော်တော်လေးကို လက်ရာမြောက်တယ်ကွ”

“အေးကွာ ရေးချက်ကတော့ အံ့မခန်းပဲ၊ မော်ဝင်နေသလားထင်ရတယ်”

“ငါထင်တာတော့ ဆရာရင်လှိုင်းသစ်ရဲ့ လက်ရာတွေက ခံစားမှုအစစ်တွေ ဖြစ်မယ်ထင်တယ်”

သိပ်ဟုတ်တာပေါ့၊ စိတ်ကူးယဉ်ပြီးရေးတာထက်စာရင် လက်တွေ့ခံစားရေးထားတာလောက် အသက်မဝင်နိုင်တာ အမှန်ပင်ဖြစ်သည် ။

ကိုယ်ရေးဆွဲထားသော ပန်းချီကားရှေ့၌ ဝေဖန်ပြောဆိုနေသံများကို ရင်လှိုင်းသစ် ကြားနေရ၍ ကြည်နူးပီတိဖြစ်မိတာအမှန်။

မမကို ချစ်သော နှလုံးသားခံစားမှုစစ်စစ်နှင့် အနုပညာတို့ ပူးပေါင်းဖန်တီးရေးဆွဲထားခြင်း ဖြစ်၍ မြင်ရသူ ပုရိသတို့ ရင်၌ တလှပ်လှပ် ဖြစ်စေခဲ့သည် ။

တကယ်ဆို မမ၏ ပုံတူပန်းချီကားများအား ပြဖို့ ရည်ရွယ်ချက်မရှိခဲ့။ သို့သော် မိမိ၏ မော်ဝင် အနုပညာအား ပြသမှ ပုရိသတ်အားပေးမှုရရန် သေချာသည် ထင်၍ Dream Lady ဟူသော အမည်ဖြင့် တစ်ကိုယ်တော် ပန်းချီပြပွဲလုပ်ဖြစ်သွားခြင်း ဖြစ်သည် ။

ထုံးစံအတိုင်း အဝတ်ဗလာနှင့် ရင်သားအား လက်ကာယှက်၍ မိန်းမသားတို့ ၏ လျှို့ဝှက်အပ်သောနေရာအား ဒူးတစ်ဖက်ထောက်ကာ ခြေထောက်နှင့်ကွယ်ထားသော မမ၏ ပန်းချီကားအနီး လူငယ်တွေ အုံခဲနေကြ၏။

"တောက် Not for sale တဲ့ ကွ၊ အတော်ယုတ်မာတဲ့ ပန်းချီဆရာ"

"အေးလေ ဒီဒူးကလည်း ထောင်ထားတာ ညောင်းပဲမညောင်းနိုင်ဘူး"

ရင်လှိုင်းသစ် ခေါင်းတစ်ချက်ငေ့ယမ်းလျက် ပန်းချီကားအနီးမှ ထွက်လာခဲ့၏။ ဝေဖန်သံ၊ နှာချေသံ၊ ကြောင်ခံတွင်းပျက်သံများ နှင့် တစ်စထက်တစ်စ ဝေးကွာလာခဲ့သည် ။

"သတိရလိုက်တာ မမရယ်"

မမနှင့် အတူတူ ဖြတ်သန်းခဲ့ဖူးသည့် နေ့ရက်တွေကို မြင်ယောင်လာသည် ။ အမြတ်တနိုးနှင့် နှစ်ရှည်လများ သိမ်းဆည်းထားရမည့် ရတနာတစ်ပါး ပျောက်ဆုံးသွားသလို ခံစားတမ်းတနေမိသည် ။

မမ တစ်ကိုယ်လုံး၌ သူအချစ်ဆုံးနေရာလေးကို အမှတ်ရတမ်းတ၍ မဆုံးခင် ဖုန်းသံမြည်လာသည် ။ ပေါ်လာသောနံပါတ်ကို ကြည့်လိုက်သည် ။ နယ်မှ အမေဆက်ခြင်းဖြစ်သည် ။

"ဟဲလို မေမေ"

"သားရေ မေမေနဲ့ မင်းအစ်မ ဒီညနေ ဘူတာဆင်းပြီနော်၊ မနက်ဖြန်နေ့လည်လောက် ရောက်မယ်ထင်တယ်၊ ရထားဆိုတော့ အချိန်မမှန်ဘူး၊ မေမေရောက်ရင် ဖုန်းဆက်မယ်လေ"

"ရောက်ခါနီး ဖုန်းဆက် လိုက်လေ၊ သား လာကြိုမှာ ပေါ့"

စီးပွားရေပြေလည်လာမှုနှင့်အတူ အသက်အရွယ်ရနေပြီဖြစ်သော အမေဖြစ်သူအား သူနှင့် အတူနေဖို့ ရင်လှိုင်းသစ် ခေါ်ထားခြင်းဖြစ်သည် ။ သုံးဦးသာ ရှိတော့သည့် မိသားစုပြန်ဆုံကာ အတူနေရမည်ဖြစ်၍ အမေဖြစ်သူ၏ ပျော်ရွှင်ကြည်နူးနေသည့်အသံကို ရင်လှိုင်းသစ် မှန်းဆ၍ ရသည် ။

*